## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၁၇ / ၂၀၂၅

၁၃၈၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်

( ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

**စက်မှုဖွံ့ဖြိုးရေးကော်မရှင်၏ လုပ်ငန်းတာဝန်များ ထုတ်ပြန်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၈ - ၁၂ - ၂၀၂၄ ရက်စွဲပါ အမိန့်အမှတ် ၅၄/၂၀၂၄ ဖြင့် ဖွဲ့စည်းခဲ့သည့် **“ စက်မှုဖွံ့ဖြိုးရေးကော်မရှင် ”** ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

( ၁ ) နိုင်ငံ၏စက်မှုလုပ်ငန်းများကို လေ့လာသုံးသပ်၍ စက်မှုဖွံ့ဖြိုးရေးအတွက် လိုအပ်သော မူဝါဒများ၊ မဟာဗျူဟာများကို နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုနှင့် သက်ဆိုင်သော မူဝါဒများ၊ မဟာဗျူဟာများနှင့်အညီချမှတ်ရန်၊

( ၂ ) မိရိုးဖလာနည်းပညာများ အသုံးပြုသည့် အခြေအနေမှ အဆင့်မြင့်နည်းပညာနှင့် ဒစ်ဂျစ်တယ်နည်းပညာ ထိရောက်စွာ အသုံးပြုနိုင်သည့် အခြေအနေရောက်ရှိရန် ဆောင်ရွက်ရမည့် ပြောင်းလဲမှုလုပ်ငန်းစဉ်ကို ဆွေးနွေးချမှတ်ရန်၊

( ၃ ) စိုက်ပျိုးရေးအခြေခံစက်မှုလုပ်ငန်း (Agrobase Industry) များ ပိုမိုအားကောင်းလာရေး တွန်းအားပေးဆောင်ရွက်ရန်၊

( ၄ ) စက်မှုကဏ္ဍတွင် ပြည်တွင်းနှင့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက် လာစေရေး ဆွဲဆောင်ရန် အစီအစဉ်များချမှတ်ပြီး ကမ္ဘာလုံးဆိုင်ရာ ထောက်ပံ့ဖြည့်ဆည်းမှု ကွင်းဆက်တွင်ပါဝင်နိုင်ရေး အားပေးဆောင်ရွက်ရန်၊

( ၅ ) စက်မှုလုပ်ငန်းများမှ နိုင်ငံအတွင်း အလုပ်အကိုင်ဖန်တီးရေးအတွက် လုပ်ငန်းခွင်များကို ပံ့ပိုးပေးခြင်းနှင့်အတူ လိုအပ်သော လုပ်ငန်းခွင်လေ့လာသင်ယူရေး၊ အရည်အသွေး မြှင့်တင်ရေးဆိုင်ရာ အစီအစဉ်များကို ဆောင်ရွက်ရန်၊

( ၆ ) MSME နှင့် အကြီးစားစက်မှုလုပ်ငန်းများကို လုပ်ငန်းခွင်အဆင့်အတန်းမြင့်မားရေး၊ ပြည်ပသွင်းကုန် အစားထိုးထုတ်လုပ်နိုင်ရေးနှင့် နိုင်ငံတကာအဆင့်မီ ထုတ်လုပ်နိုင်ရေး တွန်းအားပေးပံ့ပိုးဆောင်ရွက်ရန်၊

( ၇ ) စက်မှုဖွံ့ဖြိုးရေးအတွက် နည်းပညာအသစ်များနှင့် ခေတ်မီဆန်းသစ်သော နည်းလမ်း များကို အသုံးပြုနိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကောင်းမွန်စွာ စီမံခန့်ခွဲရေးတို့ကို အလေးထားစီမံဆောင်ရွက်ရန်၊

( ၈ ) MSME စက်မှုလုပ်ငန်းများတွင် သုတေသနနှင့်ဖွံ့ဖြိုးမှုလုပ်ငန်းများနှင့် မူပိုင်ခွင့်များဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ပေးရန်၊

( ၉ ) ပြည်တွင်းအခြေခံကုန်ကြမ်းများကို အဓိကအားပြု၍ အရည်အသွေးမြင့် ထုတ်ကုန်များ၊ တန်ဖိုးမြင့်ထုတ်ကုန်များ ထုတ်လုပ်ခြင်းကို အားပေးမြှင့်တင်ရန်၊

(၁၀) စက်မှုဖွံ့ဖြိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီ စီမံကြီးကြပ် လုပ်ဆောင်ရန်နှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အသက်သာဆုံးဖြစ်သည့် အစိမ်းရောင် စက်မှုဝန်းကျင်ဖြစ်စေရေး စီမံဆောင်ရွက်ရန်၊

(၁၁) စက်မှုဖွံ့ဖြိုးရေးတွင် လူမှုစီးပွားအကျိုးသက်ရောက်မှုများကို သုံးသပ်ရန်နှင့် အခြေခံ အလုပ်သမားများ၏ လူမှုအဆင့်အတန်းမြှင့်တင်နိုင်ရေး ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်၊

(၁၂) ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် အကောင်းဆုံးလုပ်ထုံးလုပ်နည်း များကို ဖော်ထုတ်ပေးရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မှု အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးရန်၊

(၁၃) လိုအပ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့ သဘောတူညီချက်ဖြင့် ပညာရှင်များ ခန့်အပ် တာဝန်ပေးသွားရန်၊

(၁၄) တွင်းထွက်သယံဇာတပစ္စည်းများကို အခြေခံသည့်စက်မှုလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုး လာရေး အားပေးမြှင့်တင်ရေးဆောင်ရွက်ရန်၊

(၁၅) ပြည်တွင်း၌ အသုံးများသည့် ကုန်ပစ္စည်းအမျိုးအစားများကို လိုအပ်ချက်နှင့်အညီ ထုတ်လုပ်နိုင်ရေးစီမံဆောင်ရွက်ရန်၊

(၁၆) ပြန်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍဖွံ့ဖြိုးရေးတွင် လိုအပ်သည့် ဆိုလာ၊ ရေအား၊ လေအားသုံး စက်ပစ္စည်းများထုတ်လုပ်မှုနှင့်သုံးစွဲမှုမြင့်မားလာရေး အားပေးမြှင့်တင်ရေး ဆောင်ရွက်ရန်။

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး